ကမ္ဘာကုလသမဂ္ဂ၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်များ

The United Nations Guidelines for Consumer Protection

THE UNITED NATIONS CONFERENCE ON TRADE AND DEVELOPMENT

UNCTAD

နိဒါန်း

ကမ္ဘာ့ကုလသမဂ္ဂ၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်သည် ထိရောက်သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ တွန်းအားပေးဆောင်ရွက်သည့် အဖွဲ့အစည်းနှင့် အရေးယူဆောင်ရွက်မှုစနစ်များစသည့် အဓိကဝိသေသလက္ခဏာများအတွက် စည်းမျဉ်းများ ချမှတ်ပေးထားခြင်းဖြစ်ပါသည်။ အဆိုပါလမ်းညွှန်ချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား ပြည်တွင်းနှင့် ဒေသတွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ၎င်းတို့၏စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင် အခြေအနေများနှင့်အညီ သင့်လျော်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် အကူအညီပေးပြီး အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံတကာ တွန်းအားပေး ဆောင်ရွက်သည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တိုးတက်စေရန် တွန်းအားပေးသည်။

လမ်းညွှန်ချက်များကို ပထမဦးစွာ ၁၉၈၅ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၃၀/၂၄၈ ဖြင့် အတည်ပြုခဲ့ပြီး နောက်ပိုင်းတွင် စီးပွားရေးနှင့်လူမှုရေးကောင်စီမှ ၁၉၉၉ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၁၉၉၉/၇ ဖြင့် ထပ်မံတိုးချဲ့အတည်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၇၀/ ၁၈၄ ဖြင့် လမ်းညွှန်ချက်များကို ပြန်လည်ပြင်ဆင်ကာ အတည်ပြုခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသည် လမ်းညွှန်ချက်များကို ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများရှိ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများမှ ကုန်စည်နှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအကာအကွယ်ပေးနိုင်ရန် လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အလေးဂရုပြုမှုတိုးမြှင့်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်။

မာတိကာ

၁။	ရည်ရွယ်ချက်များ	၃
၂။	အကျုံးဝင်သည့် နယ်ပယ်	၄
၃။	အထွေထွေစည်းမျဉ်းများ	၄
၄။	ကောင်းမွန်သော စီးပွားရေးအလေ့အထများအတွက် စည်းမျဉ်းများ	၆
၅။	လမ်းညွှန်ချက်များ	၈
၆။	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု	၂၇
၇။	အပြည်ပြည်ဆိုင်ရာဖွဲ့စည်းပုံနည်းလမ်း	၃၀

ကမ္ဘာ့ကုလသမဂ္ဂ၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်

ရည်ရွယ်ချက်များ

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများမှ စားသုံးသူများ၏အကျိုးစီးပွားနှင့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး စားသုံးသူများအနေဖြင့် စီးပွားရေးအရသော်လည်းကောင်း၊ ပညာရေးအဆင့်အတန်းနှင့် နှစ်ဦးနှစ်ဖက်စေ့စပ်ညှိနှိုင်းကာ ဈေးနှုန်းစိစစ်၍ ဝယ်ယူနိုင်စွမ်းအားအရသော်လည်းကောင်း မညီမျှမှုများတွေ့ကြုံနေရမှုကို အလေးထား သိမြင်သဖြင့် စားသုံးသူများသည် ဘေးအန္တရာယ်မရှိသည့် ထုတ်ကုန်များကို ရရှိနိုင်ခြင်း၊ တရားမျှတ၍ တပြေးညီဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းမှုများကို ရရှိနိုင်ခြင်း စသည့် အခွင့်အရေးများကို ရရှိသင့်သည်ဟု မှတ်ယူ၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန်ချက်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ရေးဆွဲခဲ့ပါသည်-

(က) နိုင်ငံများအား ၎င်းတို့၏စားသုံးသူများကို ပြည့်ဝသောအကာအကွယ် ပေးအပ်ထိန်းသိမ်းနိုင်ရေးအတွက် အကူအညီပေးအပ်စေရန်၊

(ခ) စားသုံးသူများ၏လိုအပ်ချက်များ၊ လိုအင်ဆန္ဒများနှင့်အညီ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုပုံစံများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရန်၊

(ဂ) စားသုံးသူများအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ၏ ကိုယ်ကျင့်တရား အဆင့်အတန်းမြင့်မားစေရေးအတွက် အားပေးဆောင်ရွက်စေရန်၊

(ဃ) နိုင်ငံများအနေဖြင့် စားသုံးသူများအပေါ် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှု ဖြစ်စေသည့် အလွဲသုံးစားပြုလုပ်သော စီးပွားရေးအလေ့အထများကို နိုင်ငံအလိုက်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် ထိန်းချုပ်နိုင်စေရန်၊

(င) လွတ်လပ်သော စားသုံးသူအုပ်စုများ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ချောမွေ့နိုင်စေရန်၊

(စ) စားသုံးသူကာကွယ်ရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြစ်ပေါ်စေရန်၊

(ဆ) စားသုံးသူများမှ ပိုမိုချိုသာသော ဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူနိုင်သည့် ဈေးကွက်အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးနိုင်စေရန်၊

(ဇ) စဉ်ဆက်မပြတ် စားသုံးမှု ဖွံ့ဖြိုးတိုးတက်နိုင်စေရန်၊

အကျုံးဝင်သည့်နယ်ပယ်

၂။ ဤလမ်းညွှန်ချက်များသည် နိုင်ငံပိုင်လုပ်ငန်းများမှ စားသုံးသူများသို့ ပေးအပ်သော ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကို ထောက်ပံ့ပေးမှုအပါအဝင် စီးပွားရေးလုပ်ငန်းများမှ စားသုံးသူလုပ်ငန်းများအထိ အကျုံးဝင်ပါသည်။ ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်သည် အဖွဲ့ဝင်နိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များ၊ အစီအစဉ်များ ပါဝင်နိုင်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍစံချိန်စံညွှန်းများနှင့်ထောက်ခံချက်များသည် စားသုံးသူ၏ အခွင့်အရေးနှင့် အကျိုးစီးပွားတို့ကိုကာကွယ်ပေးပြီး စားသုံးသူတို့၏ ကောင်းကျိုးကို မြှင့်တင်နိုင်စေရန်တို့အတွက် ဖြစ်ပါသည်။

၃။ ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်အရ "စားသုံးသူ" ဟူသော ဝေါဟာရသည် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းလိုအပ်ချက်များအရ အမျိုးမျိုးသော အဓိပ္ပါယ် ဖွင့်ဆိုချက်များ ရှိနိုင်သဖြင့် ယေဘုယျအားဖြင့် နိုင်ငံသားအပေါ် မူတည်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးရာအတွက်ဖြစ်စေ၊ မိသားစုသို့မဟုတ် အိမ်ထောင်စုအတွက် ဖြစ်စေ ကနဦးကတည်းက ရည်ရွယ်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ရည်ညွှန်းပါသည်။

အထွေထွေစည်းမျဉ်းများ

၄။ အဖွဲ့ဝင်နိုင်ငံများသည် ဖော်ပြထားသော လမ်းညွှန်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ စားသုံးသူအကာအကွယ်ပေးရေးမူဝါဒကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခိုင်မာစေခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့်အညီ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်အတွက် ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး၊ ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားလျက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ရမည် ဖြစ်ပါသည်။

၅။ လမ်းညွှန်ချက်များအရ ပြည်မီရမည့် လိုအပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စားသုံးသူများမှ အရေးကြီးသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ရန်၊

(ခ) ထိခိုက်လွယ်သည့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) စားသုံးသူတို့၏ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှုအတွက် သေးအန္တရာယ်ဖြစ်စေခြင်းမှ အကာအကွယ်ပေးနိုင်ရန်၊

(ဃ) စားသုံးသူများ၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရန်၊

(c) စားသုံးသူများအနေဖြင့် မိမိတို့၏ ဆန္ဒနှင့် လိုအပ်ချက်များနှင့်အညီ ရွေးချယ်နိုင်စေရန်အတွက် ပြည့်စုံလုံလောက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန်၊

(စ) စားသုံးသူများ၏ ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးတို့၏ အကျိုးဆက်များအား ပညာပေးမှုအပါအဝင် စားသုံးသူများကို အသိပညာပေးဆောင်ရွက်နိုင်ရန်၊

(ဆ) စားသုံးသူများအနေဖြင့် ထိရောက်သော စားသုံးသူ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း စသည့် အခွင့်အရေးများကို ရရှိနိုင်ရန်၊

(ဇ) စားသုံးသူနှင့် အခြားသက်ဆိုင်ရာအုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရန်နှင့် အဆိုပါအဖွဲ့အစည်းများအနေဖြင့် မိမိတို့အပေါ် အကျိုးသက်ရောက်မည့် ဆုံးဖြတ်ချက် ချမှတ်သော လုပ်ငန်းစဉ်များတွင် မိမိတို့၏အမြင်များကို တင်ပြနိုင်မည့် အခွင့်အရေး ရရှိနိုင်ရန်၊

(ဈ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စားသုံးမှုပုံစံများ တိုးတက်နိုင်ရန်၊

(ည) အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အသုံးပြုသည့် စားသုံးသူများကိုလည်း အခြားကူးသန်းရောင်းဝယ် ရေးလုပ်ငန်းများကို အသုံးပြုနေသည့် စားသုံးသူများထက် မလျော့နည်းစေဘဲ အကာအကွယ်ပေးနိုင်ရန်၊

(ဋ) စားသုံးသူများ၏ ပုဂ္ဂိုလ်ရေးရာလွတ်လပ်ခွင့်ကို အကာအကွယ်ပေးမှုနှင့် ကမ္ဘာအနှံ့ သတင်းအချက်အလက်များကို လွတ်လပ်စွာ စီးဆင်းနိုင်ရန်၊

၆။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမရှိသော ထုတ်လုပ်မှုနှင့်စားသုံးမှုပုံစံများ အထူးသဖြင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ ပုံစံများသည် ကမ္ဘာ့ပတ်ဝန်းကျင်ကို အဆက်မပြတ် ပျက်စီးယိုယွင်းမှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံအားလုံးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ပုံစံများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဦးဆောင်၍ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ၎င်းတို့၏ ဖွံ့ဖြိုးမှုဖြစ်စဉ်များတွင် ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းများမှာ တူညီသော်လည်း တာဝန်များမှာ ကွဲပြား လျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အထူးအခြေအနေနှင့် လိုအပ်ချက်များကို အပြည့်အဝ ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။

၇။ စဉ်ဆက်မပြတ်စားသုံးမှုပုံစံကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ချမှတ်သော မူဝါဒများသည် ဆင်းရဲမွဲတေမှုကို လျော့နည်းပပျောက်စေရန်၊ လူအဖွဲ့အစည်းမှ အဖွဲ့ဝင်နိုင်ငံအားလုံး၏ အခြေခံ လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် နိုင်ငံများအတွင်းနှင့် နိုင်ငံအချင်းချင်းအကြား မညီမျှမှုကို လျော့နည်း စေရန်တို့အတွက် ဖြစ်ရပါမည်။

၈။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူအကာအကွယ်ပေးရေး မူဝါဒများကို ဖွံ့ဖြိုးတိုးတက်စေရန်၊ အကောင်အထည်ဖော်ဆောင်ရွက်စေရန်နှင့် ထိန်းသိမ်းကြီးကြပ်စေရန်တို့အတွက် ပြည့်ဝလုံလောက်သော အခြေခံအဆောက်အအုံကို ထောက်ပံ့ပေးရမည့်အပြင် စားသုံးသူအကာအကွယ်ပေးရေးအတွက် ဆောင်ရွက် သောနည်းလမ်းများသည် လူဦးရေကဏ္ဍတစ်ခုလုံးအတွက် ဖြစ်သော်လည်း အထူးသဖြင့် ကျေးလက် ဒေသနေပြည်သူများနှင့် အခြေခံလူတန်းစားများအတွက် အကျိုးဖြစ်ထွန်းစေရန် လိုအပ်ပါသည်။

၉။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းလုပ်ကိုင်နေသည့် နိုင်ငံများတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းမှ လိုက်နာဆောင်ရွက်နေသော စားသုံးသူအကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်။

၁၀။ စားသုံးသူအကာအကွယ်ပေးရေး မူဝါဒများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနလုပ်ငန်းများတွင် တက္ကသိုလ်များ၊ ပြည်သူများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အပေါင်းလက္ခဏာဆောင်သော အလားအလာရှိသည့် အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ကောင်းမွန်သောစီးပွားရေးလုပ်ငန်းအလေ့အထများအတွက် စည်းမျဉ်းများ

၁၁။ Online သို့မဟုတ် Offline ဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းအလေ့အထများဆိုင်ရာ စံပြစည်းမျဉ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တရားမျှတ၍ ညီမျှသောဆက်ဆံမှု**၊ စီးပွားရေးလုပ်ငန်း များ၏ အဓိကကျသော ထုံးတမ်းအစဉ်အလာအရ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများအား ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သည့်အဆင့် အားလုံးတို့တွင်တရားမျှတစွာနှင့် ရိုးသားဖြောင့်မတ်စွာ ဆက်ဆံသင့်ပါသည်။ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများ အထူးသဖြင့် အခွင့်

အရေးအားနည်းပြီး ဆုံးရှုံးနစ်နာနိုင်သော စားသုံးသူများကို ထိခိုက်နစ်နာစေနိုင်သည့် အလေ့အထများကို ရှောင်ရှားရပါမည်။

(ခ) **ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာအပြုအမူ**၊ စီးပွားရေးလုပ်ငန်းများသည် တရားမျှတမှုမရှိသော၊ ကျင့်ဝတ်နှင့်မလျော်ညီသော၊ ခွဲခြားဆက်ဆံသော သို့မဟုတ် လိမ်လည်လှည့်ဖြားသော အလေ့အထများဖြစ်သည့် စားသုံးသူများအတွက် နစ်နာဆုံးရှုံးမှုများကို ဖြစ်စေသော အလွဲသုံးစားပြုသည့် ဈေးကွက်နည်းဗျူဟာများ၊ ကြွေးမြီစုဆောင်းမှု သို့မဟုတ် အခြားသင့်လျော်မှုမရှိသော အပြုအမူများကို ဆောင်ရွက်ခြင်းမှ ရှောင်ရှားရပါမည်။ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ အခွင့်အာဏာရကိုယ်စားလှယ်များသည် စားသုံးသူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် စားသုံးသူ အကာအကွယ်ပေးရေးကိုလည်း ရည်ရွယ်၍ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) **ထုတ်ဖော်ပြောဆိုမှုနှင့်ပွင့်လင်းမြင်သာမှု**၊ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများအနေဖြင့် ပြည့်စုံကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကုန်စည်၊ ဝန်ဆောင်မှုတို့နှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ကောက်ခံသည့်နှုန်းထားနှင့် နောက်ဆုံးရရှိထားသည့်အခကြေးငွေ စသည့်သတင်းအချက်အလက်များကို မှန်ကန်လုံလောက်စွာ ပေးအပ်ရန် လိုအပ်ပြီး ထင်ယောင်ထင်မှား ဖြစ်စေသော သတင်းအချက်အလက်များကို ပေးအပ်ခြင်းမှ ရှောင်ရှားရပါမည်။ စီးပွားရေးလုပ်ငန်းများသည် မည်သည့် နည်းပညာကို အသုံးပြုထားသည်ဖြစ်စေ စားသုံးသူများမှ သတင်းအချက်အလက်များ အထူးသဖြင့် အဓိကကျသော ဖော်ပြချက်များကို အလွယ်တကူရရှိစေရန် အတွက် ဆောင်ရွက်သင့်ပါသည်။

(ဃ) **ပညာပေးခြင်းနှင့် အလေးဂရုပြုမှုမြှင့်တင်ခြင်း**၊ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများအား ငွေကြေးစွန့်စားမှုများအပါအဝင် စွန့်စားမှုများကို သိမြင်နားလည်နိုင်စေရန်၊ သတင်းအချက်အလက် အပြည့်အဝရရှိပြီး ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် အကြံဉာဏ်နှင့်အကူအညီများကို ရယူနိုင်စေရန် (လိုအပ်ပါက လွတ်လပ်သော တတိယအဖွဲ့မှရယူခြင်း) တို့အတွက် ဗဟုသုတနှင့်ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် အကူအညီပေးအပ်နိုင်ရန်အတွက် အစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်ပါသည်။

(ဂ) **ပုဂ္ဂိုလ်ရေးရာကိစ္စရပ်များကို အကာအကွယ်ပေးခြင်း၊** စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများ၏ ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ သင့်လျော်သော ထိန်းချုပ်မှု၊ လုံခြုံစိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုနှင့် လိုက်လျောညီထွေ ဖြစ်မှုစသည့် နည်းလမ်းတို့ဖြင့် စားသုံးသူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များကို အကာအကွယ်ပေးသင့်ပါသည်။

(စ) **စားသုံးသူတိုင်ကြားမှုများနှင့်အငြင်းပွားမှုများ၊** စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများအား မလိုအပ်သော စရိတ်စကများ သို့မဟုတ် ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေဘဲ လျင်မြန်သော၊ တရားမျှတမှုရှိသော၊ ပွင့်လင်းမြင်သာသော၊ အဖိုးနှုန်း ချိုသာသော၊ ချဉ်းကပ်ရ လွယ်ကူသော၊ ထိရောက်သော စသည့် အငြင်းပွားမှု ဖြေရှင်းခြင်းစနစ်ဖြင့် စားသုံးသူတိုင်ကြားမှု ကိုင်တွယ်ထိန်းသိမ်းသည့်နည်းလမ်းများကို ဆောင်ရွက်ပေးသင့်ပါသည်။

လမ်းညွှန်ချက်များ

၁၂။ လမ်းညွှန်ချက်များသည် ပြည်တွင်းတွင်ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှု များသာမက သွင်းကုန်ပစ္စည်းများနှင့်လည်း အကျုံးဝင်ပါသည်။

၁၃။ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးရာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ကတိကဝတ်ပြုမှုများနှင့် ကိုက်ညီပြီး အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို အဟန့်အတားမဖြစ်စေရန်လည်း လိုအပ်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အမျိုးသားမူဝါဒများ

၁၄။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူအကာအကွယ်ပေးရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို တွန်းအားပေးဆောင်ရွက်ရပါမည်-

(က) ကောင်းမွန်သောစီးပွားရေးလုပ်ငန်းအလေ့အထများဖြင့် ဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူများနှင့် ဥပဒေတွန်းအားပေး ဆောင်ရွက်သော အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်း၏ ဝိသေသလက္ခဏာ၊ ဥပဒေအရ အမည်နှင့် ကုန်သွယ်သည့် အမည်၊ လိပ်စာ စသည့် သက်ဆိုင်ရာ အချက်အလက် အပြည့်အစုံ၊ website ၊ e-mail သို့မဟုတ် အခြားဆက်သွယ်နိုင်သည့် နည်းလမ်းများ၊ တယ်လီဖုန်းနံပါတ်၊

သက်ဆိုင်ရာ အစိုးရ၏ ထောက်ခံချက် သို့မဟုတ် လိုင်စင်နံပါတ်များ စသည့်တို့ကို အချိန်နှင့် တပြေးညီ ရှင်းလင်းစွာ ဖော်ပြခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းများမှ မိမိတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သတင်းအချက် အလက်များနှင့် သက်ဆိုင်ရာလုပ်ငန်း၏ စည်းမျဉ်းစည်းကမ်း များကို အချိန်နှင့် တပြေးညီ ပြည့်စုံရှင်းလင်းစွာ ပေးအပ်ခြင်း၊

(ဃ) တရားမျှတမှုရှိသော စာချုပ်စာတမ်းနှင့်သက်ဆိုင်သည့် ဝေါဟာရများကို ရှင်းလင်းတိကျ၍ နားလည်ရလွယ်ကူစေရန် ဖော်ပြခြင်း၊

(င) လုပ်ငန်းနှင့်ပတ်သက်၍ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြန်လည်ပေးအပ်ခြင်းနှင့် ငွေပြန်အမ်းခြင်း စသည့် ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု ဖြစ်စေခြင်း၊

(စ) လုံခြုံစိတ်ချရမှုရှိသော ငွေပေးချေမှုနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) အငြင်းပွားမှု ဖြေရှင်းရေးနှင့် အရေးယူမှုစနစ်တို့ကို ဆောင်ရွက်ရာတွင် စားသုံးသူတို့အတွက် တရားမျှတမှုရှိသည့်အပြင် အဖိုးနှုန်းသက်သာစေပြီး လျင်မြန်စေခြင်း၊

(ဇ) စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လုံခြုံစိတ်ချရမှု ရှိစေခြင်း၊

(ဈ) စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများကို ပညာပေးစေခြင်း။

၁၅။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေ တွန်းအားပေး ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ဥပဒေကို ထိရောက်စွာ လိုက်နာဆောင်ရွက်နိုင်စေရန်နှင့် စားသုံးသူအငြင်းပွားမှုကိစ္စရပ်များတွင် စားသုံးသူများအတွက် ကုစားမှုများ ရရှိနိုင်စေရန် သို့မဟုတ် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်တို့အတွက် လိုအပ်သော ဘဏ္ဍာရေးနှင့် လူစွမ်းအားအရင်းအမြစ်များကို ရရှိနိုင်စေရန်တို့ကို ဆောင်ရွက်ရပါမည်။

ရုပ်ပိုင်းဆိုင်ရာလုံခြုံစိတ်ချရမှု

၁၆။ အဖွဲ့ဝင်နိုင်ငံများသည် အသုံးပြုရန် ရည်ရွယ်ထားသည့် ထုတ်ကုန်များ သို့မဟုတ် သာမန်အားဖြင့် အသုံးပြုနေသည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေ ရန်အတွက် တရားဝင်စနစ်များ၊ လုံခြုံစိတ်ချရမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံအလိုက် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ ဆန္ဒအလျောက်ဖြစ်သော စံချိန်စံညွှန်းများနှင့်လုံခြုံ စိတ်ချရမှုရှိသော မှတ်တမ်း

များကို ထိန်းသိမ်းမှု စသည့် သတ်မှတ်ထားသော နည်းလမ်းများကို ချမှတ်ခြင်း သို့မဟုတ် တွန်းအားပေးခြင်းတို့ကို ဆောင်ရွက်ရပါမည်။

၁၇။ ကုန်ထုတ်လုပ်သူများမှ ထုတ်လုပ်သည့်ကုန်စည်များသည် အသုံးပြုရန် ရည်ရွယ်ထားသည် ဖြစ်စေ၊ သာမန်အားဖြင့် အသုံးပြုနေသည်ဖြစ်စေ လုံခြုံစိတ်ချရမှု ရှိစေရန်အတွက် သင့်လျော်သော မူဝါဒများကို ကျင့်သုံးရပါမည်။ ကုန်စည်များကို ရောင်းချသူများ၊ တင်ပို့သူများ၊ တင်သွင်းသူများ၊ လက်လီရောင်းချသူများ၊ ဖြန့်ဖြူးသူများသည် ကုန်စည်များကို ၎င်းတို့၏ စောင့်ရှောက်မှုအောက်၌ ထားရှိစဉ် မသင့်လျော်သော ကိုင်တွယ်ထိန်းသိမ်းမှု သို့မဟုတ် သိုလှောင်မှုတို့ကြောင့် လုံခြုံစိတ်ချရမှု မရှိသည့်အခြေအနေ မဖြစ်ရန် တာဝန်ရှိပါသည်။ စားသုံးသူများ ကုန်စည်များကို သင့်လျော်စွာ အသုံးပြုရန်အတွက် ညွှန်ကြားရမည်ဖြစ်ပြီး ၎င်းတို့အသုံးပြုရန် ရည်ရွယ်ထားသည် ဖြစ်စေ၊ သာမန်အားဖြင့် အသုံးပြုနေသည်ဖြစ်စေ ကုန်စည်များတွင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အသိပေးရမည်။ စားသုံးသူများအတွက် အဓိကကျသည့် လုံခြုံစိတ်ချရမှုဆိုင်ရာ သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ နားလည်နိုင်သည့် သင်္ကေတများဖြင့် မည်သည့်နေရာမဆို ဖော်ပြပေးရမည်။

၁၈။ ထုတ်လုပ်သူများ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူများသည် ဈေးကွက်အတွင်းသို့ ထုတ်ကုန်များ ရောက်ရှိပြီးနောက် ကြိုတင်မသိမြင်နိုင်သော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း သတိပြုမိပါက ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူများအား သတိပေးကြေညာမှုများ ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့်မူဝါဒများအား ချမှတ်ထားသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ယင်းကဲ့သို့သော ဘေးအန္တရာယ်များကို စားသုံးသူများအား အသိပေးနိုင်သည့် နည်းလမ်းများကို ကြိုတင်စဉ်းစားထားရပါမည်။

၁၉။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်ကုန်မှ အပြစ်အနာအဆာ ထင်ရှားစွာ တွေ့ရှိခြင်း သို့မဟုတ် ယင်းထုတ်ကုန်ကို သင့်လျော်စွာ အသုံးပြုသော်လည်း ပြင်းထန်စွာ ဘေးအန္တရာယ် ဖြစ်ပေါ်စေခြင်း တွေ့ရှိရပါက ထုတ်လုပ်သူများ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူများမှ အဆိုပါထုတ်ကုန်ကို ပြန်လည် သိမ်းဆည်းစေခြင်း၊ အစားထိုးစေခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း သို့မဟုတ် အခြားထုတ်ကုန် တစ်ခုနှင့် အစားထိုးစေခြင်းတို့ကို လုပ်ဆောင်နိုင်ရန်အတွက် သင့်လျော်သည့် မူဝါဒများကို ချမှတ်သင့်ပါသည်။ အချိန်ကာလတစ်ခုအတွင်း ယင်းဆောင်ရွက်မှုများကို မဆောင်ရွက်နိုင်ခဲ့ပါက စားသုံးသူအား လုံလောက်သည့် လျော်ကြေးပေးအပ်ရပါမည်။

စားသုံးသူများ၏ စီးပွားရေးဆိုင်ရာအကျိုးစီးပွားကို မြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း

၂၀။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူတို့၏ စီးပွားရေးအရင်းအမြစ်များမှ အကောင်းဆုံး အကျိုးအမြတ်ရရှိနိုင်ရန် ဆောင်ရွက်ပေးရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူတို့၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားနှင့် ဈေးကွက်အတွင်း ရွေးချယ်နိုင်စွင့်များကို ထိခိုက်နစ်နာနိုင်သည့် အလေ့အထများမှ ထိရောက်စွာ အကာအကွယ်ပေးမှု၊ ကျေနပ်ဖွယ်ကောင်းသော ထုတ်လုပ်မှုနှင့် စွမ်းဆောင်နိုင်မှု အဆင့်အတန်း၊ လုံလောက်သော ဖြန့်ဖြူးရောင်းချမှုနည်းလမ်းများ၊ တရားမျှတသော စီးပွားရေးလုပ်ငန်းအလေ့အထများ၊ သတင်းအပြည့်အဝရရှိသော ဈေးကွက်ရှာဖွေမှု စသည့် ရည်မှန်းချက်များကို အောင်မြင်စေရန် ဆောင်ရွက်ပေးသင့်ပါသည်။

၂၁။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို ထောက်ပံ့ဆောင်ရွက်ရာတွင် ပါဝင်သူများမှ တည်ဆဲဥပဒေများနှင့် မဖြစ်မနေလိုက်နာ ဆောင်ရွက်ရမည့်စံချိန်စံညွှန်းများကို လိုက်နာစေခြင်းဖြင့် စားသုံးသူများ၏ စီးပွားရေးဆိုင်ရာ အကျိုး စီးပွားကို ထိခိုက်နစ်နာနိုင်သည့်အလေ့အထများမှ အကာအကွယ်ပေးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရပါမည်။ စားသုံးသူအဖွဲ့အစည်းများကို ဘေးအန္တရာယ်ဖြစ်စေသည့် အစားအသောက် မသန့်ရှင်းမှု၊ ဈေးကွက်အတွင်း မှားယွင်းသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော အရေးဆိုမှုများနှင့် လိမ်လည်သော ဝန်ဆောင်မှုများကို ထိန်းသိမ်းစောင့်ကြည့်ရန် အားပေးဆောင်ရွက်သင့်ပါသည်။

၂၂။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများအား ထိခိုက်နစ်နာစေမည့် တားမြစ်ကန့်သတ်ပြီး အလွဲသုံးစားပြုလုပ်သော စီးပွားရေးလုပ်ငန်းအလေ့အထများကို ထိန်းချုပ်သည့်နည်းလမ်းများနှင့် အဆိုပါနည်းလမ်းများကို တွန်းအားပေးဆောင်ရွက်သည့် နည်းလမ်းများကို ဖွံ့ဖြိုးစေရန်၊ ခိုင်မာစေရန် သို့မဟုတ် ထိန်းသိမ်းနိုင်စေရန် တို့အတွက် ဆောင်ရွက်သင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့က အတည်ပြုခဲ့သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၃၉/၆၃ အရ တားမြစ်ကန့်သတ် ထားသည့် စီးပွားရေးလုပ်ငန်းအလေ့အထများကို ထိန်းချုပ်နိုင်ရန် နိုင်ငံများမှ သဘောတူညီထားသော သာတူညီမျှဖြစ်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ကတိကဝတ်ပြုမှုများအရ ဆောင်ရွက်သင့်ပါသည်။

၂၃။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်လုပ်သူများ၏ တာဝန်အရ ကုန်စည်များသည် အမြဲတမ်းဝယ်လိုအား၊ အသုံးပြုနိုင်မှု၊ ယုံကြည်စိတ်ချရမှုတို့နှင့်စပ်လျဉ်း၍ ပြည့်မီကြောင်းနှင့် ရောင်းချသူဘက်မှလည်း ယင်းလိုအပ်ချက်များနှင့် ပြည့်မီမှု ရှိ မရှိကို လေ့လာကြည့်ရှုရမည်ဖြစ်ကြောင်းတို့နှင့် ပတ်သက်

သည့်မူဝါဒများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါမူဝါဒများသည် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရာတွင်လည်း အကျိုးဝင်စေရမည်။

၂၄။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများအား ကုန်စည်နှင့်ဝန်ဆောင်မှုများကို အနိမ့်ဆုံးဈေးနှုန်းနှင့် အမြောက်အများ ရွေးချယ်ဝယ်ယူနိုင်သော တရားမျှတမှု ရှိသည့် ထိရောက်သောယှဉ်ပြိုင်မှုကို အားပေးဆောင်ရွက်သင့်သည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ စားသုံးသူအကာအကွယ်ပေးရေးမူဝါဒများကို ပြည်တွင်း စီးပွားရေးလုပ်ငန်းများအား ယှဉ်ပြိုင်ခြင်း သို့မဟုတ် တရားမျှတမှုမရှိဘဲ ကျင့်သုံးခြင်း စသည့် ဆောင်ရွက်မှုတို့ကို အကာအကွယ်ပေးခြင်းအတွက် အသုံးမပြုသင့်ပါ။

၂၅။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်လုပ်သူများ သို့မဟုတ် လက်လီရောင်းချသူများ အနေဖြင့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချပြီးနောက် လိုအပ်သည့် ဝန်ဆောင်မှုပေးအပ်ခြင်းနှင့် အပိုပစ္စည်းများ ပေးအပ်ခြင်းတို့ကို စားသုံးသူများအတွက် ဆောင်ရွက်ပေးသင့်သည်။

၂၆။ စားသုံးသူများအနေဖြင့် တစ်ဖက်သတ် စံပြစာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများတွင် အဓိကကျသည့် အခွင့်အရေးများကို ချန်လှပ်ထားမှုများနှင့် ရောင်းချသူများမှ ဖြစ်နိုင်ဖွယ် မရှိသော ချွေးငွေများနှင့်ပတ်သက်သည့် စည်းကမ်းချက်များ စသည်တို့နှင့်ပတ်သက်၍ အကာအကွယ် ရရှိသင့်သည်။

၂၇။ ဈေးကွက်အရောင်းမြှင့်တင်ခြင်းနှင့် ရောင်းချခြင်းဆိုင်ရာအလေ့အထများသည် စားသုံးသူများအပေါ် တရားမျှတစွာ ဆက်ဆံသည့် စည်းမျဉ်းနှင့်အညီဖြစ်ရန် လိုအပ်ပြီး ဥပဒေကြောင်းအရ လိုအပ် ချက်များနှင့်လည်း ကိုက်ညီရပါမည်။ အဆိုပါပြဋ္ဌာန်းချက်များတွင် စားသုံးသူများကို သတင်းအချက်အလက် အပြည့်အဝပေးအပ်နိုင်ပြီး လွတ်လပ်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရေးအတွက်လည်း ရှင်းလင်းမှန်ကန်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးရန် ဟူသော အချက်ကို ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်ပါသည်။

၂၈။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူထုတ်ကုန်များနှင့်စပ်လျဉ်း၍ မှန်ကန်သော သတင်းအချက်အလက်ကို လွတ်လပ်စွာ ရရှိနိုင်စေရန်အတွက် အားပေးဆောင်ရွက်ရပါမည်။

၂၉။ စားသုံးသူများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအပေါ် ပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသည့် မှန်ကန်သော သတင်းအချက်အလက်များဖြစ်သည့် ထုတ်ကုန်၏မှတ်တမ်းများ၊ လုပ်ငန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများ၊ စားသုံးသူ၏သတင်း အချက်အလက်များ

စသည်တို့ကို ဆန္ဒအလျောက်နှင့် ပွင့်လင်းမြင်သာမှုရှိသည့် eco-labelling အစီအစဉ်များနှင့် ထုတ်ကုန်သတင်းအချက်အလက် hotlines တို့မှတစ်ဆင့် ရယူနိုင်ခွင့် ပေးအပ်ရပါမည်။

၃၀။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်လုပ်သူများ၊ ဖြန့်ဖြူးရောင်းချသူများ၊ စားသုံးသူဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထင်ယောင်ထင်မှားဖြစ်စေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးဆိုမှုများ သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာနှင့် အခြားဈေးကွက်အခြေအနေများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရပါမည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးဆိုမှုများအတွက် စည်းမျဉ်းများဆိုင်ရာ စံချိန်စံညွှန်းများနှင့် သင့်လျော်သော ကြော်ငြာကျင့်ဝတ် စည်းမျဉ်းများစသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးဆောင်ရွက်ရပါမည်။

၃၁။ အဖွဲ့ဝင်နိုင်ငံများသည် လုံလောက်သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဖြစ်ပေါ်စေရန်အတွက် နိုင်ငံအလိုက် စားသုံးသူဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများမှ ဈေးကွက်ကျင့်ဝတ်များနှင့် အခြား စီးပွားရေးလုပ်ငန်းအလေ့အထများ စသည်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားပေးဆောင်ရွက်ရမည်။

၃၂။ အဖွဲ့ဝင်နိုင်ငံများသည် အလေးချိန်၊ အတိုင်းအတာများနှင့်စပ်လျဉ်းသည့် ဥပဒေများကို ပုံမှန်ပြန်လည်သုံးသပ်ပြီး ဥပဒေတွန်းအားပေးဆောင်ရွက်သည့်လုပ်ငန်းဆောင်ရွက်ရာတွင် စက်ပစ္စည်းများ၏ အရည်အသွေးပြည့်ဝမှုအပေါ် အကဲဖြတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စားသုံးသူကုန်စည်နှင့် ဝန်ဆောင်မှု၏ လုံခြုံစိတ်ချရမှုနှင့် အရည်အသွေးများအတွက် စံချိန်စံညွှန်းများ

၃၃။ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံအလိုက် ကုန်စည်နှင့် ဝန်ဆောင်မှု၏ လုံခြုံစိတ်ချရမှုနှင့် အရည်အသွေးများအတွက် စံချိန်စံညွှန်းများကို မိမိဆန္ဒအလျောက် ဖြစ်စေ၊ အခြားနည်းလမ်းများအရဖြစ်စေ မြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး အများပြည်သူများသိရှိစေရန် ထုတ်ပြန်ဆောင်ရွက်ပေး ရပါမည်။ နိုင်ငံအလိုက် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းမျဉ်းများနှင့်စပ်လျဉ်း၍ ယေဘုယျအားဖြင့် လက်ခံကျင့်သုံးထားသည့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် အချိန်နှင့်တပြေးညီ ပြန်လည်လေ့လာသုံးသပ်ရပါမည်။

၃၄။ ပြည်တွင်း စီးပွားရေးအခြေအနေများအရ ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းထက်နိမ့်ကျသော စံချိန်စံညွှန်းတစ်ခုကို အသုံးပြုနေပါက အဆိုပါစံချိန်စံညွှန်းကို မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရပါမည်။

၃၅။ အဖွဲ့ဝင်နိုင်ငံများသည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ လုံခြုံစိတ်ချရမှု၊ အရည်အသွေးနှင့် စွမ်းဆောင်နိုင်မှုတို့ကို စစ်ဆေးနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်စေရန်အတွက် တွန်းအားပေး ဆောင်ရွက်သွားရပါမည်။

အရေးကြီးသော ကုန်စည်နှင့်ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချရန်နှင့်စပ်လျဉ်းသည့် အခွင့်အလမ်းများ

၃၆။ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါအခြေအနေများနှင့်စပ်လျဉ်း၍ သင့်လျော်သကဲ့သို့ စဉ်းစားဆုံးဖြတ်ကြပါသည်-

(က) စားသုံးသူများအတွက် အရည်အသွေးပြည့်ဝသော ကုန်စည်နှင့် ဝန်ဆောင်မှုကို ပေးအပ်နိုင်ရန် မူဝါဒများကို ကျင့်သုံးခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ဆောင်ရွက်ရပါမည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အရေးကြီးသော ကုန်စည်နှင့် ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချမှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိမည်ဆိုပါက သင့်လျော်သည့် သီးခြားမူဝါဒများကို ချမှတ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရပါမည်။ အဆိုပါမူဝါဒများတွင် ကျေးလက်ဒေသများ၌ လုံလောက်သော သိုလှောင်မှုနှင့် လက်လီရောင်းချသည့် အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်နိုင်ရန်အတွက် အကူအညီပေးခြင်း၊ အရေးကြီးသော ကုန်စည်နှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသများ၌ ထောက်ပံ့ပေးရာတွင် စားသုံးသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ဆောင်ရွက်နိုင်စေရန်နှင့် ကောင်းမွန်စွာ ထိန်းသိမ်းနိုင်စေရန်တို့အတွက် အားပေးလုပ်ဆောင်ခြင်းတို့ကို ဆောင် ရွက်ရပါမည်။

(ခ) စားသုံးသူဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများနှင့် ကုန်သွယ်မှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများ တည်ထောင်ခြင်းကို အားပေးဆောင်ရွက်သည့်အပြင် ကျေးလက်ဒေသများတွင်လည်း စားသုံးသူများကို သတင်းအချက်အလက်များ ဖြန့်ဝေပေးသည့် လုပ်ငန်းများကို ဆောင်ရွက်ရပါမည်။

အငြင်းပွားမှုဖြေရှင်းခြင်းနှင့်အရေးယူဆောင်ရွက်ခြင်း

၃၇။ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံဖြတ်ကျော် အရေးယူဆောင်ရွက်သည့် ကိစ္စရပ်များအပါအဝင် စားသုံးသူတိုင်ကြားမှုများနှင့်ပတ်သက်၍ စီမံအုပ်ချုပ်မှုနည်းလမ်း၊ တရားစီရင်မှုနည်းလမ်း၊ အခြားအငြင်းပွားမှုဖြေရှင်းသည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် တရားမျှတမှု၊ ထိရောက်မှု၊ ပွင့်လင်းမြင်သာမှု၊ ဘက်မလိုက်မှု စသည့် နည်းလမ်းများ ပေါ်ထွက်လာစေရန်အတွက် အားပေး

ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများအတွက် တရားရေးနည်းလမ်းအရဖြစ်စေ သို့မဟုတ် စီမံအုပ်ချုပ်ရေး နည်းလမ်းအရဖြစ်စေ အရေးယူဆောင်ရွက်သည့်လုပ်ငန်းများကို နည်းလမ်းတကျ သို့မဟုတ် နည်းလမ်းတကျ မဟုတ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်သော၊ တရားမျှတသော၊ ပွင့်လင်းမြင်သာသော၊ စရိတ်စကနည်းသော၊ နားလည်ရလွယ်ကူသော စသည့် နည်းလမ်းများဖြင့် ဆောင် ရွက်ပေးရပါမည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို ချမှတ်ရာတွင် ထိခိုက်လွယ်သည့် စားသုံးသူများ၏ လိုအပ် ချက်ကို ထည့်သွင်းစဉ်းစားရ မည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ထိခိုက်လွယ်သည့် စားသုံးသူများအတွက် ကုစားမှုများကို ဆောင်ရွက်ရာတွင် စရိတ်စကကုန်ကျမှု၊ နှောင့်နှေးကြန့်ကြာမှု စသည်တို့မဖြစ်ပေါ်စေသည့်အပြင် လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် မသင့်လျော် သော ဝန်ထုပ်ဝန်ပိုးများ မဖြစ်ပေါ်စေရန်လည်း လိုအပ်ပါသည်။

၃၈။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူအငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်မှုရှိခြင်း၊ တရားမျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ စရိတ်စက နည်းခြင်း၊ နားလည်ရလွယ်ကူခြင်း၊ စနစ်တကျမဟုတ်သည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် စားသုံးသူများအတွက် အထောက်အပံ့ဖြစ်စေမည့် အကြံဉာဏ်ပေးခြင်း၊ စနစ်တကျမဟုတ်သည့် တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သော ဆန္ဒအလျောက်ဖြစ်သည့် နည်းလမ်းများကို တည်ထောင်နိုင်ရန်အတွက် အားပေးခြင်း စသည်တို့ကို ဆောင်ရွက်ရပါမည်။

၃၉။ စားသုံးသူများအတွက် အရေးယူဆောင်ရွက်ပေးခြင်းနှင့် အငြင်းပွားမှုဖြေရှင်းပေးသည့် အခြားလုပ်ထုံးလုပ်နည်းများဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်ရန် ဆောင်ရွက်ရပါမည်။ အခြားနည်းလမ်းများဖြင့် အငြင်းပွားမှုဖြေရှင်းသည့်လုပ်ငန်းများ အထူးသဖြင့် နိုင်ငံဖြတ်ကျော် အငြင်းပွားမှုကိစ္စများအပါအဝင် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးသည့် နည်းလမ်းများကို ဆောင်ရွက်နိုင်သော အခွင့်အလမ်း ပေးအပ်ထားရပါမည်။

၄၀။ အဖွဲ့ဝင်နိုင်ငံများသည် ကြွေးမြီတင်ရှိခြင်းနှင့် ဒေဝါလီခံရပြီး လုပ်ငန်းပိတ်သိမ်းရခြင်း စသည့် အမှုကိစ္စရပ်များအပါအဝင် အငြင်းပွားမှုကိစ္စများကို စုစည်းဖြေရှင်းသော လုပ်ထုံးလုပ်နည်းများမှာ လျင်မြန်မှု၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် စရိတ်စကနည်းပါးမှုတို့ ရှိစေနိုင်ရန်နှင့် စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများတို့အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရပါမည်။

၄၁။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများနှင့် ပူးပေါင်း၍ အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ရှောင်ကြဉ်ရန် နည်းလမ်းများ၊ စားသုံးသူများအတွက် ဆောင်ရွက်ပေးနိုင်သော အရေးယူဆောင်ရွက်သည့် နည်းလမ်းများနှင့် စားသုံးသူများတိုင်ကြားနိုင်သည့်နေရာများ စသည်တို့ကို ပိုမိုသိရှိနားလည်စေရန် ဆောင်ရွက်ရပါမည်။

အသိပညာပေးခြင်းနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းအစီအစဉ်များ

၄၂။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူ၏ရွေးချယ်မှု၊ အပြုအမူနှင့် ဖြစ်နိုင်ချေရှိသည့် အကြောင်းအရာများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သက်ဆိုင်ရာပြည်သူများ၏ ယဉ်ကျေးမှုအစဉ်အလာများ၊ စားသုံးမှုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးကျေးဇူးများနှင့် နစ်နာဆုံးရှုံးစေမှုများ စသည်တို့ပါဝင်သည့် ယေဘုယျစားသုံးသူအသိပညာပေးမှုနှင့် သတင်းအချက်အလက်ဖြန့်ဝေပေးမှု အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးဆောင်ရွက်ရပါမည်။ အဆိုပါအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ စားသုံးသူများကို ခွဲခြားဆက်ဆံမှုပြုလုပ်မခံရစေရန် ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သိရှိပြီးမှ ရွေးချယ်ဝယ်ယူနိုင်စေရန်နှင့် စားသုံးသူများအနေဖြင့် မိမိတို့ရရှိမည့် အခွင့်အရေးများအပြင် လိုက်နာရမည့် တာဝန်များကိုပါ သိရှိစေရန်တို့အတွက် ဖြစ်ပါသည်။ အဆိုပါအစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဝင်ငွေနည်းပါးသော စားသုံးသူများနှင့် စာတတ်မြောက်မှု နည်းပါးသည့် သို့မဟုတ် စာတတ်မြောက်မှု မရှိသည့်မြို့ပြနှင့် ကျေးလက်ဒေသများမှ ထိခိုက်လွယ်သည့် စားသုံးသူများ၏ လိုအပ်ချက်ကို အခြေခံထား၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စားသုံးသူများ၊ စီးပွားရေး လုပ်ငန်းများနှင့် အခြားသက်ဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းများသည် ယင်းကဲ့သို့သော အသိပညာပေးသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရပါမည်။

၄၃။ စားသုံးသူအသိပညာပေးမှုလုပ်ငန်းသည် ပညာရေးစနစ်၏အခြေခံကျ သင်ရိုးညွှန်းတမ်း၏အဓိကအစိတ်အပိုင်းဖြစ်သည့်အပြင် လက်ရှိသင်ကြားနေသော ဘာသာရပ်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်း ပါဝင်သင့်ပါသည်။

၄၄။ စားသုံးသူ အသိပညာပေးမှုနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း အစီအစဉ်များကို ဆောင်ရွက်ရာတွင် စားသုံးသူအကာအကွယ်ပေးရေး၏ အရေးပါသော အောက်ပါအခန်းကဏ္ဍများအား ခံစုံမိရန် လိုအပ်ပါသည်-

(က) ကျန်းမာရေး၊ အာဟာရပြည့်ဝမှု၊ အစားအသောက်ကြောင့် ဖြစ်ပွား သောရောဂါများနှင့် အစားအသောက်မသန့်ရှင်းမှုတို့နှင့် ပတ်သက်သည့် အကာအကွယ်ပေးမှုများ၊

(ခ) ထုတ်ကုန်များ၏ ဘေးအန္တရာယ်ရှိမှုများ၊

(ဂ) ထုတ်ကုန်များ၏ ကုန်အညွှန်းအမှတ်အသားများ၊

(ဃ) သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းမှုများဖြစ်သည့် အငြင်းပွားမှုဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် နည်းလမ်းများနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် သက်ဆိုင်ရာ အစိုးရ ဌာနများ၊ အဖွဲ့အစည်းများမှတစ်ဆင့် အရေးယူဆောင်ရွက်မှုများ၊

(င) အလေးချိန်နှင့်အတိုင်းအတာ၊ ဈေးနှုန်း၊ အရည်အသွေး၊ ကြွေးမြီ အခြေအနေ၊ အခြေခံ လိုအပ်ချက်များ ရရှိနိုင်မှုတို့နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊

(စ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက် မှုများ၊

(ဆ) အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊

(ဇ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊

(ဈ) စက်ကိရိယာပစ္စည်းများ၊ စွမ်းအင်နှင့် ရေတို့ကို အရည်အသွေး ပြည့်ဝစွာ အသုံးပြုနိုင်မှုများ၊

၄၅။ အဖွဲ့ဝင်နိုင်ငံများသည် လူထုဆက်သွယ်ရေးနည်းလမ်းများအပါအဝင် စားသုံးသူအဖွဲ့အစည်းများနှင့် အခြားစိတ်ပါဝင်စားသောအုပ်စုများ ကျေးလက်ဒေသနှင့်မြို့ပြဒေသများမှ ဝင်ငွေနည်းပါးသော စားသုံးသူတို့ကို အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စေပြီး ယင်းကဲ့သို့ဆောင်ရွက်ရာတွင် စားသုံးမှုပုံစံများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ စားသုံးမှုပြောင်းလဲခြင်းများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးကျေးဇူးများနှင့် စရိတ်စကများ စသည်တို့ ပါဝင်သင့်ပါသည်။

၄၆။ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများကို အသိပညာပေးမှုနှင့် သတင်းအချက်အလက်ဖြန့်ဝေသည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သင့်ပါသည်။

၄၇။ အဖွဲ့ဝင်နိုင်ငံများသည် ကျေးလက်ဒေသနေ စားသုံးသူများနှင့် စာမတတ်မြောက်သော စားသုံးသူများထံသို့ သတင်းအချက်အလက်များ ရောက်ရှိရန် လိုအပ်သည်ဟူသောအချက်ကို အလေးထား၍ အဆိုပါစားသုံးသူများထံသို့ ရောက်ရှိစေမည့် လူထုဆက်သွယ်ရေးနည်းလမ်း သို့မဟုတ် အခြား

ဖြန့်ဝေသည့်နည်းလမ်းတို့မှတစ်ဆင့် သတင်းအချက်အလက် ဖြန့်ဝေသည့် အစီအစဉ်များကို တိုးတက်စေရန် အားပေးဆောင်ရွက်သင့်ပါသည်။

၄၈။ အဖွဲ့ဝင်နိုင်ငံများသည် အသိပညာပေးသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် စားသုံးသူဆိုင်ရာ အကြံပေးသူများကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းများဖြင့်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်လည်းကောင်း သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်စေရန်နှင့် ၎င်းတို့အတွက် သင်တန်းပေးနိုင်ရန် အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

စဉ်ဆက်မပြတ်စားသုံးမှု တိုးတက်စေခြင်း

၄၉။ စဉ်ဆက်မပြတ်စားသုံးမှုတွင် စီးပွားရေးအရ ဖြစ်စေ၊ လူမှုရေးအရ ဖြစ်စေ၊ ပတ်ဝန်းကျင်အရ ဖြစ်စေ လက်ရှိကာလနှင့် အနာဂတ်ကာလများ၏ စားသုံးသူ လိုအပ်ချက်နှင့်အညီ ကုန်စည်နှင့် ဝန်ဆောင်မှုများ အသုံးပြုနိုင်သည့် နည်းလမ်းများ ပါဝင်ပါသည်။

၅၀။ စဉ်ဆက်မပြတ်စားသုံးမှုအတွက် တာဝန်ရှိမှုမှာ သတင်းအချက်အလက်ရရှိသည့် စားသုံးသူများ၊ အဖွဲ့ဝင်နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ စားသုံးသူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံးအပေါ်တွင် မူတည်နေပါသည်။ သတင်းအချက်အလက်ရရှိသော စားသုံးသူများသည် ထုတ်လုပ်သူများ၏ ရွေးချယ်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများမှတစ်ဆင့် ပတ်ဝန်းကျင်အရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်သော စားသုံးမှုကို တိုးတက်စေရန် ဆောင်ရွက်ရာတွင် မရှိမဖြစ်အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ် စားသုံးမှုဆိုင်ရာ မူဝါဒများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် အဆိုပါမူဝါဒများကို အခြားပြည်သူ့မူဝါဒများနှင့် ကွဲလွဲမှုမရှိစေရန်အတွက် ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများမှသည် အဆိုပါ မူဝါဒများချမှတ်ရာတွင် စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သော အုပ်စုများနှင့် ဆွေးနွေးညှိနှိုင်း၍ ဆောင်ရွက်သင့်ပါသည်။ စီးပွားရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ် စားသုံးမှုတိုးတက်စေရန် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဒီဇိုင်းများနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍သော်လည်းကောင်း လုပ်ငန်းရှင်များအား အသိပညာပေးရန် တာဝန်

ရှိပါသည်။ စားသုံးသူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် စားသုံးမှုအတွက် ပြည်သူများ ပါဝင်ဆောင်ရွက်လာစေရန်အတွက် သော်လည်းကောင်း၊ စားသုံးသူများမှ သတင်းအချက်အလက် ရရှိရန်အတွက်သော်လည်းကောင်း၊ စားသုံးမှုဖွဲ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက်သော်လည်းကောင်း တာဝန်ရှိပါသည်။

၅၁။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးလုပ်ငန်းများ၊ လူ့အဖွဲ့အစည်းအတွင်းမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် စားသုံးမှုကို တိုးတက်စေသည့် မဟာဗျူဟာများကို ဖွံ့ဖြိုးတိုးတက်နိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန်တို့အတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရန် မူဝါဒများချမှတ်ရာတွင် စည်းမျဉ်းစည်းကမ်းများ၊ စီးပွားရေးဆိုင်ရာ မူဝါဒများ၊ လူမှုရေး၊ မြေယာအသုံးပြုမှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် လူနေအိမ်ခန်းဆိုင်ရာနှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် မူဝါဒများ၊ စားသုံးမှုပုံစံများ၏ အကျိုးသက်ရောက်မှုကို အလေးဂရုပြုမှု မြှင့်တင်သည့် သတင်းအချက်အလက်ဖြန့်ဝေသည့် အစီအစဉ် စသည့်ကဏ္ဍများ ဘေးအန္တရာယ် ဖြစ်စေမည့် စဉ်ဆက်မပြတ်စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံကို တိုးတက်စေသည့် အထောက်အပံ့များကို ဖယ်ရှားခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍအလိုက် သီးခြားအကောင်းဆုံး အလေ့အထများကို မြှင့်တင်ဆောင်ရွက်ခြင်း စသည်တို့ကို ထည့်သွင်းဆောင်ရွက်ရမည်။

၅၂။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုကို လုံခြုံစိတ်ချရမှုရှိပြီး စွမ်းအင်နှင့် အရင်းအမြစ် အရည်အသွေး ကောင်းမွန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အသုံးပြုခြင်းတို့ကို အားပေးဆောင်ရွက်ရမည်။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများကို စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင် ထုတ်လုပ်ထားသော ထုတ်ကုန်များကို အသုံးပြုရန်၊ ဝယ်ယူရန်နှင့် စွန့်ပစ်ပစ္စည်းများကို အသုံးဝင်စေရန်တို့အတွက် ဆောင်ရွက်ထားသည့် အစီအစဉ်များကို အားပေးဆောင်ရွက်ရမည်။

၅၃။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအတွက် နိုင်ငံအလိုက်၊ နိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရမှုဆိုင်ရာ စံချိန်စံညွှန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသုံးပြုနိုင်ရန်အတွက် မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါစံချိန်စံညွှန်းများသည် ကုန်သွယ်မှုအတွက် အဟန့်အတားများ မဖြစ်စေရပါ။

၅၄။ အဖွဲ့ဝင်နိုင်ငံများသည် ထုတ်ကုန်များနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို သမာသမတ်ကျကျ ဆောင်ရွက်နိုင်ရန်အတွက် အားပေးဆောင်ရွက်ရမည်။

၅၅။ အဖွဲ့ဝင်နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နစ်နာဆုံးရှုံးမှုဖြစ်စေသော ပစ္စည်းများ အသုံးပြုမှုကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပြီး အခြားပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သောပစ္စည်းများ အစားထိုးအသုံးပြုမှုကို ဖွံ့ဖြိုးတိုးတက်စေရန် အားပေးဆောင်ရွက်ရပါမည်။ ဘေးအန္တရာယ် ဖြစ်ပွားစေနိုင်သည့် ပစ္စည်းအသစ်များကို ဖြန့်ဖြူးရောင်းချခြင်းမပြုမီ သဘာဝပတ်ဝန်းကျင်ပေါ် ရေရှည်တွင် အကျိုးသက်ရောက်မှု ရှိ မရှိနှင့် ပတ်သက်၍ သိပ္ပံနည်းကျ သည့်စနစ်များကို အခြေခံ၍ လေ့လာသုံးသပ်ရပါမည်။

၅၆။ အဖွဲ့ဝင်နိုင်ငံများသည် ပတ်ဝန်းကျင်အကာအကွယ်ပေးမှုမှတစ်ဆင့် တစ်ဦးချင်းစီနှင့် အများစု ကျန်းမာရေးတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားလျက် စဉ်ဆက်မပြတ် စားသုံးမှုနှင့်ထုတ်လုပ်မှုပုံစံများ၏ ကျန်းမာရေးနှင့်ဆက်နွယ်သော အကျိုးကျေးဇူးများနှင့် ပတ်သက် သည့် အလေးဂရုပြုသောလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်။

၅၇။ အဖွဲ့ဝင်နိုင်ငံများသည် ပုဂ္ဂလိကကဏ္ဍ၊ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လေထုညစ်ညမ်းမှုနှင့် သဘာဝအရင်းအမြစ်ပျက်သုဉ်းမှုများကို လျော့ချလျက် စားသုံးသူလိုအပ်ချက် များနှင့် ကိုက်ညီသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများအပါအဝင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်ကုန်များ၊ ဝန်ဆောင်မှုနှင့် နည်းပညာအသစ်များကို အသုံးပြုနိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဆောင်ရွက်ခြင်းများမှတစ်ဆင့် စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မှုမရှိ သည့် စားသုံးမှုပုံစံများကို ပြောင်းလဲစေရန် အားပေးဆောင်ရွက်ရပါမည်။

၅၈။ အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ်စားသုံးမှုကဏ္ဍများအပါအဝင် စားသုံး သူများအတွက် အကာအကွယ်ပေးနိုင်သည့် ထိရောက်သော စည်းမျဉ်းများ ခိုင်မာစေရန်နှင့် ချမှတ်နိုင်စေရန်တို့အတွက် အားပေးဆောင်ရွက်ရမည်။

၅၉။ အဖွဲ့ဝင်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဈေးကွက်အခွင့်အလမ်းများအတွက် ဖြစ်ပေါ် လာနိုင်သော ဆိုးကျိုးများကို ရှောင်ရှားနိုင်ရန် လူမှုရေးလိုအပ်ချက်များနှင့် စဉ်ဆက်မပြတ် ထိန်း သိမ်းမှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည့်အပြင် စားသုံးမှုတိုးတက်စေရန်အတွက် အခွန်ဆိုင်ရာနည်းစနစ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စရိတ်စကများကို ပြည်တွင်း၌သာ ကျခံ အသုံးပြုခြင်းစသည့် စီးပွားရေးဆိုင်ရာနည်းစနစ်များကိုပါ စဉ်းစားနိုင်ပါသည်။

၆၀။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးလုပ်ငန်းများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ စဉ်ဆက်မပြတ်စားသုံးမှုကို အဆင့်တိုင်းတွင် တိုးတက်လာမှုကို တိုင်းတာရန် အညွှန်း

ကိန်းများ၊ နည်းလမ်းများနှင့် စာရင်းဇယားများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ သတင်းအချက်အလက်များကို အများပြည်သူများ သိရှိနိုင်စေရန် ဆောင်ရွက်ရပါမည်။

၆၁။ အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် ရောင်းဝယ်ရေးမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်သည့် အလေ့အထများကို ဆောင်ရွက်နိုင်စေရန်အတွက် ဦးဆောင်၍ ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သော ထုတ်ကုန်၊ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသုံးပြုနိုင်ရန်တို့အတွက် ရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင့်လျော်သကဲ့သို့ ဆောင်ရွက်ရပါမည်။

၆၂။ အဖွဲ့ဝင်နိုင်ငံများနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများသည် စားသုံးမှုပုံစံများကို စဉ်ဆက်မပြတ် ပိုမိုထိန်းသိမ်းနိုင်သည့် နည်းလမ်းများကို သတ်မှတ်နိုင်ရန်အတွက် စားသုံးသူ အပြုအမူများနှင့်စပ်လျဉ်းသည့် သုတေသနလုပ်ငန်းများကို တိုးတက်စေရန် အားပေးဆောင်ရွက်ရပါမည်။

အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ

၆၃။ အဖွဲ့ဝင်နိုင်ငံများသည် အီလက်ထရောနစ်နစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စားသုံးသူယုံကြည်မှုကို တိုးတက်စေရန်အတွက် ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်မှုရှိသော စားသုံးသူကာကွယ်ရေး မူဝါဒများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ကဏ္ဍကို အခြားကူးသန်းရောင်းဝယ်ရေး ကဏ္ဍများထက် အကာအကွယ်ပေးမှုအဆင့်အတန်း မလျော့နည်းစေရန် တို့အတွက် ဆောင်ရွက်သွားရပါမည်။

၆၄။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူအကာအကွယ်ပေးရေးမူဝါဒများကို အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၏ ထူးခြားသော ဝိသေသလက္ခဏာများနှင့်အညီ ဖြစ်စေရန် ပြန်လည်သုံးသပ် ရမည်ဖြစ်ပြီး စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအား အသိပေးနိုင်စေရန်နှင့် ဒစ်ဂျစ်တယ် ဈေးကွက်တွင် ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်များကို အလေးဂရုပြုစေရန် ဆောင်ရွက်ရပါမည်။

၆၅။ အဖွဲ့ဝင်နိုင်ငံများသည် သက်ဆိုင်ရာ အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို သင့်လျော်သကဲ့သို့ ပြန်လည်သုံးသပ်ပြီး အဆိုပါ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများအား အဖွဲ့ဝင်နိုင်ငံများမှ လိုက်နာကျင့်သုံးနိုင်စေရန် လိုအပ်သကဲ့သို့ နိုင်ငံဖြတ်ကျော်အရေးကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြား

အဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင် နိုင်ငံများသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း၏ အီလက်ထရောနစ် စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လမ်းညွှန် ချက်များကို လေ့လာရန် လိုအပ်ပါသည်။

ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

၆၆။ အဖွဲ့ဝင်နိုင်ငံများသည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် အားပေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်-

(က) ငွေကြေးဆိုင်ရာ စားသုံးသူကာကွယ်ရေးစည်းမျဉ်းနှင့် တွန်းအားပေး ဆောင်ရွက်မှု မူဝါဒများကို ချမှတ်ခြင်း၊

(ခ) လုပ်ငန်းရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အာဏာပိုင်နှင့် လူစွမ်းအား အရင်းအမြစ်များကို ကြီးကြပ်ကွပ်ကဲမည့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဂ) စရံငွေများနှင့်ပတ်သက်သည့် ကိစ္စရပ်များ အပါအဝင် စားသုံးသူများ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးရန်အတွက် သင့်လျော်သည့် ထိန်းချုပ်မှုများနှင့် အာမခံနည်းလမ်း များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးကဏ္ဍနှင့်သက်ဆိုင်သည့် အကြောင်းအရာများ သိနားလည်မှုကို တိုးတက် စေရန်အတွက် ငွေကြေးကဏ္ဍအသိပညာပေးမှုဆိုင်ရာ မဟာဗျူဟာများကို တိုးတက် စေခြင်း၊

(င) ငွေကြေးအဖွဲ့အစည်းများသည် အခွင့်အာဏာရ ကိုယ်စားလှယ်များ၏ လုပ်ငန်းများ အတွက် တာဝန်ခံ၍ တရားမျှတစွာ ဆက်ဆံခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းတို့ကို ဆောင်ရွက်ရမည်။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးအပ်သူများသည် အကျိုးစီးပွား ဆိုင်ရာ သဘောထားကွဲလွဲမှုတို့ကို စုံစမ်းသိရှိနိုင်ရန်နှင့် အဆိုပါ သဘောထားကွဲလွဲမှု တို့ကို စာဖြင့်ရေးသား၍ မှတ်တမ်းတင်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက် ရမည်။ ဝန်ဆောင်မှုထောက်ပံ့ပေးသူနှင့် တတိယအဖွဲ့တို့အကြား အကျိုးစီးပွားဆိုင်ရာ သဘောထားကွဲလွဲမှု ဖြစ်ပေါ်နိုင်ပါက ယင်းအကြောင်းအရာကို စားသုံးသူအား

ထုတ်ဖော်ပြောဆိုသည့်အပြင် ဖြစ်ပေါ်လာနိုင်သော အကျိုးစီးပွားဆိုင်ရာ သဘော ထားကွဲလွဲမှုကြောင့်ဖြစ်သည့် စားသုံးသူ၏ နစ်နာဆုံးရှုံးမှုကို ရှောင်ကြဉ်ခြင်း၊

(စ) ငွေချေးငှားခြင်းကိစ္စရပ်များဆိုင်ရာ တာဝန်ယူမှု၊ စားသုံးသူ၏ လိုအပ်ချက်များ၊ နည်းလမ်းများနှင့် ထုတ်ကုန်ရောင်းချမှုတို့အပါအဝင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသူနှင့် အခွင့်အာဏာရ ကိုယ်စားလှယ်များတို့မှ တာဝန်ယူမှုရှိသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊

(ဆ) လိမ်လည်မှုနှင့် အလွဲသုံးစားပြုမှုတို့အပါအဝင် စားသုံးသူများ၏ ငွေကြေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဇ) ငွေလွှဲအပ်သည့်ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုများကို တိုးတက်စေရန်နှင့် စရိတ်ချွေတာသုံးစွဲနိုင်စေရန်တို့အတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူများအား လွဲပြောင်းမည့် ငွေပမာဏများ၊ ငွေလဲနှုန်းများ၊ အခကြေးငွေများ၊ လွှဲပြောင်းမည့်ငွေနှင့်ပတ်သက်သည့် ကုန်ကျမည့် စရိတ်စကများ၊ ငွေလွှဲပြောင်းနိုင်ခြင်း မရှိပါက စားသုံးသူများအတွက် ပြန်လည်အရေးယူ ဆောင်ရွက်ပေးမည့် နည်းလမ်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရှင်းလင်းစွာ အသိပေးခြင်း။

၆၇။ အဖွဲ့ဝင်နိုင်ငံများသည် ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် အသိပညာပေးမှု၊ စားသုံးသူများအနေဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို အသုံးပြုရာတွင် အကာအကွယ်ပေးမှုတို့နှင့် သက်ဆိုင်သည့် စားသုံးသူမူဝါဒများကို ချမှတ်ရမည်။

၆၈။ အဖွဲ့ဝင်နိုင်ငံများသည် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို ပြည်သူများမှ လိုက်နာကျင့်သုံးနိုင်စေရန် နိုင်ငံများအလိုက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ချမှတ်ဆောင်ရွက်သင့်ပြီး နယ်စပ်ဒေသများရှိ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းနှင့် Group of 20 တို့၏ ငွေကြေးဆိုင်ရာ အခန်းကဏ္ဍတွင် ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ စည်းမျဉ်းများ၊ Group of 20 ၏ တီထွင်ဖန်တီးထားသည့် ငွေကြေးဆိုင်ရာစည်းမျဉ်းများ၊ ကမ္ဘာ့ဘဏ်၏ ငွေကြေးဆိုင်ရာ အခန်းကဏ္ဍတွင်

ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကောင်းမွန်သော အလေ့အထများ စသည့် အချက်အလက်များကို လေ့လာရန် လိုအပ်ပါသည်။

သီးခြားကဏ္ဍအလိုက် ဆောင်ရွက်မှုနည်းလမ်းများ

၆၉။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားသုံးသူ အကျိုးစီးပွားများကို တိုးတက်စေရန် ဆောင်ရွက်ရာ၌ စားသုံးသူများအတွက် မရှိမဖြစ်အရေးပါသည့် ကဏ္ဍများ ဖြစ်သော အစားအသောက်၊ ရေ၊ ဆေးဝါး၊ စွမ်းအင်နှင့် အများပြည်သူဆိုင်ရာ အသုံးအဆောင်ကဏ္ဍ၊ ခရီးသွားလာမှု စသည့် နယ်ပယ်အသီးသီးတွင် ဦးစားပေးဆောင်ရွက်ရပါမည်။ မူဝါဒများကို ကျင့်သုံးရာတွင် ထုတ်ကုန်အရည်အသွေး ထိန်းချုပ်ခြင်း၊ လုံခြုံစိတ်ချရမှုရှိသော ဖြန့်ဖြူးရောင်းချသည့်နည်းလမ်းများ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အပြည်ပြည်ဆိုင်ရာကုန်အညွှန်းအမှတ်အသားနှင့် သတင်းအချက်အလက်၊ ပညာပေးမှုနှင့်သုတေသနလုပ်ငန်းများ စသည့်ကဏ္ဍတို့ကို လွှမ်းခြုံမှုရှိစေရန် ဆောင်ရွက်ရမည်။ အဖွဲ့ဝင်နိုင်ငံများသည် သီးခြားကဏ္ဍများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက် ရမည်။

၇၀။ **အစားအသောက်။** အဖွဲ့ဝင်နိုင်ငံများသည် အစားအသောက်နှင့်ဆက်နွယ်သည့် နိုင်ငံအလိုက် မူဝါဒနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စားသုံးသူအားလုံး၏ အစားအသောက် ဖူလုံရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းတို့၏ Codex Alimentarius ဆိုင်ရာစံချိန်စံညွှန်းများ သို့မဟုတ် အခြားယေဘုယျလက်ခံဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ အစားအသောက် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံးရမည်။ အဖွဲ့ဝင်နိုင်ငံများသည် အစားအသောက် လုံခြုံစိတ်ချရမှုဆိုင်ရာ နည်းလမ်းများနှင့် စံနှုန်းများ၊ အစားအသောက် စံချိန်စံညွှန်းများ၊ ကိုယ်ခန္ဓာအလေးချိန်လျော့ချမှုဆိုင်ရာ လိုအပ်ချက်များ၊ ထိရောက်သော ကြီးကြပ်ကွပ်ကဲမှု၊ စုံစမ်းစစ်ဆေးမှုနှင့် အကဲဖြတ်မှုဆိုင်ရာ နည်းလမ်းများကို ထိန်းသိမ်းခြင်း သို့မဟုတ် တိုးတက်စေခြင်းတို့ကို ဆောင်ရွက်ရပါမည်။

၇၁။ အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော လယ်ယာစိုက် ပျိုးရေးမူဝါဒများနှင့် အလေ့အထများကို တိုးတက်စေရန် ဆောင်ရွက်ခြင်း၊ အသိပညာ ဗဟုသုတများအရ မြေ၊ ရေနှင့် ဇီဝမျိုးကွဲတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

၇၂။ **ရေ။** အဖွဲ့ဝင်နိုင်ငံများသည်အပြည်ပြည်ဆိုင်ရာသောက်သုံးရေထောက်ပံ့မှုနှင့် ကျန်းမာသန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများကို ဆယ်စုနှစ်ရည်မှန်းချက်များအတွင်း သောက်သုံးရေ အရည်အသွေး၊ ဖြန့်ဖြူးရောင်းချမှုတို့ တိုးတက်စေရန်အတွက် နိုင်ငံအလိုက်မူဝါဒများကို ချမှတ်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် ခိုင်မာစေခြင်း စသည်တို့ကို ဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုလုပ်ငန်းများ၏ သင့်လျော်သည့်အဆင့်အလိုက် ရွေးချယ်မှု၊ အရည်အသွေးနှင့်နည်းပညာ၊ အသိပညာပေးအစီအစဉ်များ၊ လူ့အဖွဲ့အစည်းမှ ပါဝင်ဆောင်ရွက်ရန် အရေးပါမှုတို့ကို အလေးထား ဆောင်ရွက်ရပါမည်။

၇၃။ အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် မှုအတွက် ရေ၏ အရေးပါမှုနှင့် ရေ၏ ဝိသေသလက္ခဏာတို့ကို ထည့်သွင်းစဉ်းစားလျက် ရေအသုံးပြုမှုဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်ရမည်။

၇၄။ **ဆေးဝါးများ။** အဖွဲ့ဝင်နိုင်ငံများသည် ဆေးဝါးများ၏အရည်အသွေး၊ အသုံးပြုမှုတို့နှင့် စပ်လျဉ်းသည့် စံချိန်စံညွှန်းများ၊ ပြဋ္ဌာန်းချက်များနှင့် သင့်လျော်သော စည်းမျဉ်းထိန်းညှိသည့် စနစ်တို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးမှု၊ ထုတ်လုပ်မှု၊ လိုင်စင်စနစ်၊ မှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်မှု၊ ဆေးဝါးများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရှင်းလင်းမှန်ကန်စွာ ရရှိနိုင်မှုစသည်တို့ကို ဖြေရှင်းဆောင်ရွက်နိုင်ရန် နိုင်ငံအလိုက် ဆေးဝါးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ဆေးဝါးဆိုင်ရာ အကြံပြုချက်များကို အထူးအလေးထား ဆောင်ရွက်ရမည်။ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် အခြားအပြည်ပြည်ဆိုင်ရာ ဆေးဝါးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်စနစ်များတွင် ထုတ်ကုန်များအလိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ဆေးဝါးထုတ်ကုန်များ အရည်အသွေး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့် အစီအစဉ်ကို အားပေးဆောင်ရွက်သွားရပါမည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းမှ ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ ဆေးဝါးများအတွက် ပိုင်ဆိုင်သူအမည် မဟုတ်သော အမည်များ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါမည်။

၇၅။ အဖွဲ့ဝင်နိုင်ငံများသည် အထက်တွင် ဖော်ပြထားသည့် ဦးစားပေးကဏ္ဍများအပြင် ပိုးသတ်ဆေးနှင့် ဓာတုပစ္စည်းတို့ကို ထုတ်လုပ်မှု၊ အသုံးပြုမှုနှင့် သိုလှောင်မှုဆိုင်ရာ နည်းလမ်းများနည်းတူ အခြားကဏ္ဍများတွင် သင့်လျော်သောနည်းလမ်းများဖြင့် ကျင့်သုံးဆောင်ရွက်သင့်သည့်အပြင် ထုတ်

လုပ်သူများအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များနှင့် စပ်လျဉ်းသည့်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်တို့ကို ဖြန့်ဝေခြင်းလည်း ပါဝင်ပါသည်။

၇၆။ **စွမ်းအင်။** အဖွဲ့ဝင်နိုင်ငံများသည် သန့်ရှင်းသောစွမ်းအင်ကို အများပြည်သူ အားလုံးသုံးစွဲခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပြီး စွမ်းအင်ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုနှင့် အရည်အသွေးတို့ တိုးတက်စေရန်အတွက် နိုင်ငံအလိုက် မူဝါဒများကို ချမှတ်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်း သို့မဟုတ် ခိုင်မာစေခြင်းတို့ ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုများ၏ သင့်လျော်သော အဆင့်အတန်းကို ရွေးချယ်နိုင်မှု၊ အရည်အသွေး၊ နည်းပညာ၊ စည်းမျဉ်းစည်းကမ်းများ၊ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ရပါမည်။

၇၇။ **အများပြည်သူအသုံးပြုသည့် ပစ္စည်းများ။** အဖွဲ့ဝင်နိုင်ငံများသည် အများပြည်သူ အသုံးပြုသည့် ပစ္စည်းများကို ပြည်သူအားလုံးမှ စိတ်ကြိုက် အသုံးပြုခွင့်ရရှိစေရန်အတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နစ်နာဆုံးရှုံးမှုဖြစ်သော စားသုံးသူများ၏ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားသည့်အပြင် ဝန်ဆောင်မှုပေးအပ်မှုဆိုင်ရာ နည်းလမ်းများ၊ ဝန်ဆောင်မှုဆိုင်ရာ စားသုံးသူ သိရှိရမည့် သတင်းအချက်အလက်များဖြစ်သည့် အာမခံစရံငွေ ပေးချေမှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် မဆောင်ရွက်မီ ကြိုတင်ပေးချေငွေနှင့် ဆောင်ရွက်ပြီးမှ ပေးချေငွေ၊ ဝန်ဆောင်မှု အပြီးသတ်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ဆောင်ရွက်ပေးခြင်း၊ ငွေပေးချေမှု နည်းလမ်းများနှင့်ပတ်သက်၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ စားသုံးသူနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ပေးသူတို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ စသည်တို့နှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် ခိုင်မာစေခြင်းတို့ဖြစ်စေရန်အတွက် ဆောင်ရွက်ရပါမည်။

၇၈။ **ခရီးသွားလာမှု။** အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအလိုက် ချမှတ်ထားသည့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများမှာ ခရီးသွားလာမှုနှင့် သက်ဆိုင်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်စေရန်နှင့် ဈေးကွက်ရှာဖွေခြင်းတို့နှင့် သက်ဆိုင် သည့် အရေးကိစ္စများကို နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်နိုင်စေရန် ဆောင်ရွက် ရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံဖြတ်ကျော် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက် နိုင်ရမည်ဖြစ်ပြီး အခြားအဖွဲ့ဝင် နိုင်ငံများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တွန်းအားပေး ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်သည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းနှင့် ခရီးသွားလာရေး လုပ်ငန်း

များတွင် သက်ဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၇၉။ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်း သို့မဟုတ် ဒေသခွဲနယ်ပယ်အတွင်း အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည်-

(က) စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံအလိုက်မူဝါဒများ၊ နည်းလမ်းများ တို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖလှယ်ရန်အတွက် သင့်လျော်သည့် နည်းလမ်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ခြင်း သို့မဟုတ် ခိုင်မာစေခြင်း၊

(ခ) ရှိရင်းစွဲအရင်းအမြစ်များကို အသုံးချလျက် အကောင်းဆုံးရလဒ်များ ရရှိစေရန် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် တွန်းအားပေး ဆောင်ရွက်ခြင်း၊ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင် အရည်အသွေး စစ်ဆေးသည့်အခွင့်အလမ်းများကို ပူးတွဲအသုံးပြုခြင်း၊ တူညီသော စမ်းသပ်စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်း၊ စားသုံးသူဆိုင်ရာ သတင်းအချက်အလက်များကို ဖလှယ်ခြင်းနှင့် အသိပညာပေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သင်တန်းပေးသည့်အစီအစဉ်နှင့်စည်းမျဉ်းစည်းကမ်း ချမှတ်သည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အရေးကြီးကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူများသို့ ဈေးနှုန်းနှင့် အရည်အသွေးသင့်တင့်စွာ ပေးအပ်နိုင်သည့် အခြေအနေများကို တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးကြီး ကုန်စည်ကို ပူးပေါင်း၍ ဝယ်ယူခြင်း၊ ရောင်းဝယ်မှုနှင့်သက်ဆိုင်သည့် အခွင့်အလမ်းများ ဆိုင်ရာ သတင်းအချက်အလက်များကို ဖလှယ်ခြင်း၊ ဒေသတွင်း ထုတ်ကုန်များ၏ စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် သဘောတူညီချက် စာချုပ် ချုပ်ဆိုခြင်း၊

၈၀။ အဖွဲ့ဝင်နိုင်ငံများသည် အခြားထုတ်ကုန်များ တင်သွင်းလာသည့် နိုင်ငံများအား ဘေးအန္တရာယ်ရှိသည့် ထုတ်ကုန်များမှ အကာအကွယ်ရရှိနိုင်ရန်အတွက် တားမြစ်ပိတ်ပင်သော၊ သိမ်းဆည်းသော သို့မဟုတ် ပြင်းထန်စွာ တားမြစ်ကန့်သတ်ထားသော ထုတ်ကုန်များနှင့် ဆက်နွယ်

သည့်သတင်းအချက်အလက်များကို ခိုင်မာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဆောင်ရွက်ရပါမည်။

၈၁။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများအပေါ် အကျိုးစီးပွားထိခိုက် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ထုတ်ကုန်များ၏ အရည်အသွေးနှင့် သတင်းအချက်အလက်များအား တစ်နိုင်ငံနှင့် တစ်နိုင်ငံကွဲပြားမှုမရှိစေရန်အတွက် ဆောင်ရွက်ရမည် ဖြစ် ပါသည်။

၈၂။ အဖွဲ့ဝင်နိုင်ငံများသည် လိမ်လည်ထားသည့် နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေး အလေ့အထများကို တိုက်ဖျက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်ကို တိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်မှုသည် ပြည်သူများ၏ အကျိုးစီးပွားအတွက်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်သော အမှုကိစ္စများကို ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်နေသည့် အဖွဲ့အစည်း၏ အခွင့်အာဏာအတွင်း၌ ကျရောက်ပါသည်။

၈၃။ အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သည့် အဖွဲ့အစည်းများသည် စုံစမ်းစစ်ဆေးမှုနှင့် ဥပဒေတွန်းအားပေး ဆောင်ရွက်သည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြားတရားစီရင်မှု အခွင့်အာဏာအတွင်း ကျရောက်နေသည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို အဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှုလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်မှု မရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈၄။ အဖွဲ့ဝင်နိုင်ငံများရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သည့်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ရပါမည်။

၈၅။ အဖွဲ့ဝင်နိုင်ငံများနှင့် စားသုံးသူအကာအကွယ်ပေးရေး တွန်းအားပေးဆောင်ရွက်သည့် အဖွဲ့အစည်းများသည် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အပြည်ပြည်ဆိုင်ရာကွန်ရက်များကို အသုံးချ၍ သင့်လျော်သော နိုင်ငံနှစ်နိုင်ငံနှင့် နိုင်ငံစုံ စီစဉ်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၈၆။ အဖွဲ့ဝင်နိုင်ငံများရှိ စားသုံးသူအကာအကွယ်ပေးရေး မူဝါဒဌာနများသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သည့်ဌာနများနှင့် ညှိနှိုင်း၍

လမ်းညွှန်ချက်တွင်ပါရှိသည့် လိမ်လည်ထားသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အလေ့အထများကို ဆန့်ကျင်သည့်မူဘောင်အား ဖွံ့ဖြိုးတိုးတက်စေရန် ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၈၇။ အဖွဲ့ဝင်နိုင်ငံများသည် လမ်းညွှန်ချက်များအရ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရန်အတွက် စားသုံးသူအကာအကွယ်ပေး ရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သည့်ဌာန သို့မဟုတ် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သည့်ဌာနအဖြစ် သတ်မှတ်သင့်ပါသည်။ ယင်းသို့ သတ်မှတ်ခြင်းသည်ပူးပေါင်းဆောင်ရွက်မှုကို အစားထိုးရန်မဟုတ်ဘဲ ဖြည့်စွက်ဆောင်ရွက်ခြင်းသာဖြစ်သည့်အတွက် ထိုကဲ့သို့ သတ်မှတ်မည်ဆိုပါက အထွေထွေအတွင်းရေးမှူးသို့ အသိပေးရမည် ဖြစ်ပါသည်။

၈၈။ အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံအတွင်းရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သည့်ဌာနများအား စုံစမ်းစစ်ဆေးခွင့်၊ အမှုလိုက်ခွင့်၊ သက်ဆိုင်ရာသတင်းအချက်အလက်များအား ရယူ၍ သင့်လျော်သကဲ့သို့ ဖြန့်ဝေခွင့် စသည်တို့ကို ဆောင်ရွက်နိုင်သည့်အခွင့်အာဏာကို ပေးအပ်ရမည်။ အာဏာပိုင်သည် ပြည်ပနိုင်ငံများမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သည့်ဌာနများ အပါအဝင် အခြားသင့်လျော်သော ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက် ရပါမည်။

၈၉။ အဖွဲ့ဝင်နိုင်ငံများသည် ပြည်ပနိုင်ငံများမှ ရပိုင်ခွင့်ပစ္စည်းများ ပြန်လည် ရရှိရေးနှင့် နိုင်ငံဖြတ်ကျော် အရေးယူဆောင်ရွက်နိုင်ရေးစသည့် ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်များအား တွန်းအားပေးဆောင်ရွက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ တိုးတက်စေရန်တို့အတွက် နိုင်ငံနှစ်နိုင်ငံနှင့် နိုင်ငံစုံ စီစဉ်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၉၀။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူများအား လိမ်လည်သော နိုင်ငံဖြတ်ကျော်ကူးသန်း ရောင်းဝယ်ရေးလေ့အထများမှ အကာအကွယ်ပေးနိုင်ရန် မိမိတို့နိုင်ငံများရှိ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်သည့် အဖွဲ့ အစည်းများအား ဥပဒေအရ အခွင့်အာဏာပေးအပ်ရာတွင် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို မိမိတို့နိုင်ငံ၏အခြေအနေများနှင့်အညီ ကျင့်သုံးနိုင်မည့်နည်းလမ်းများကို စဉ်းစားရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့အစည်း၏ နိုင်ငံဖြတ်ကျော်အရေးကိစ္စများအတွက် စားသုံးသူများအား

လိမ်လည်သော ကူးသန်းရောင်းဝယ်ရေး အလေ့အထများမှ အကာအကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို လေ့လာသင့်ပါသည်။

၉၁။ စဉ်ဆက်မပြတ် စားသုံးမှုတိုးတက်စေရန် အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ငွေကြေးထောက်ပံ့မှုကို ရယူ၍ နိုင်ငံအားလုံး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးကူးပြောင်းစနိုင်ငံများအား ငွေကြေးလွှဲပြောင်းထောက်ပံ့ပေးပြီး ကောင်းမွန်ဆန်းသစ်သော နည်းလမ်းများကို ပြန်လည်ဖန်တီး၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာနည်းပညာများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြောင်းလဲနိုင်ရန် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

၉၂။ အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးကူးပြောင်းစနိုင်ငံများတွင် စဉ်ဆက်မပြတ် စားသုံးမှုအတွက် အရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ရပါမည်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများသည် စဉ်ဆက်မပြတ်စားသုံးမှုတွင် ခိုင်မာမှုရှိစေရန် စားသုံးသူများ၊ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ရပါမည်။

၉၃။ အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် စားသုံးသူ အသိပညာပေးမှုနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုအစီအစဉ်များ တိုးတက်စေရန် ဆောင်ရွက်ရပါမည်။

၉၄။ အဖွဲ့ဝင်နိုင်ငံများသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် နည်းလမ်းများကို အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအား အတားအဆီးမဖြစ်စေဘဲ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဆိုင်ရာ ကတိကဝတ်ပြုမှုများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ရပါမည်။

အပြည်ပြည်ဆိုင်ရာဖွဲ့စည်းမှုနည်းလမ်း

(၁) ဖွဲ့စည်းပုံစီစဉ်ဆောင်ရွက်မှု

၉၅။ ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၏ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ကော်မရှင်၏ မူဘောင်အတွင်းတွင် လုပ်ငန်းများ ဆောင်ရွက်နေသည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်မူဝါဒ ကျွမ်းကျင်သည့် ပညာရှင်များပါဝင်သည့် ကြားခံအစိုးရအဖွဲ့အစည်းသည် ဖွဲ့စည်းမှုဆိုင်ရာ နည်းလမ်းကို ချမှတ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

၉၆။ အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါလမ်းညွှန်ချက်များကို အကောင်အထည်ဖော် ရန် နိုင်ငံအလိုက် သို့မဟုတ် ဒေသဆိုင်ရာအဆင့်များတွင် သင့်လျော်သော နည်းလမ်း များဖြင့် ဆောင်ရွက်ရမည်။

(၂) စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်မူဝါဒ ကျွမ်းကျင်သည့် ပညာရှင်များပါဝင်သည့် ကြားခံအစိုးရအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ

၉၇။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် မူဝါဒ ကျွမ်းကျင်သည့် ပညာရှင်များပါဝင်သည့် ကြားခံအစိုးရအဖွဲ့အစည်းသည် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အဖွဲ့ဝင်နိုင်ငံများအကြား လမ်းညွှန်ချက်များနှင့်စပ်လျဉ်းသည့် အရေးကိစ္စများ အထူး သဖြင့် အကောင်အထည်ဖော်မှုနှင့် ရရှိလာသည့် အတွေ့အကြုံတို့အပေါ် နိုင်ငံစုံ ဆွေးနွေး တိုင်ပင်ခြင်း၊ အသိအမြင် ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်ဖိုရမ် ဆွေးနွေးပွဲများကို ကျင်းပခြင်း၊

(ခ) လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ အတွေ့အကြုံဖလှယ်နိုင်ရန်နှင့် ပိုမို ထိရောက်မှု ရှိစေ ရန်တို့အတွက် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်နှင့် အကျိုးစီးပွားတို့အပေါ် အခြေခံ၍ လမ်းညွှန်ချက်များနှင့် ဆက်နွယ်သည့် စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်များကို လေ့လာခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ နိုင်ငံအလိုက် စားသုံးသူကာကွယ်ရေး အာဏာပိုင်များမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စားသုံးသူ အကာအကွယ်ပေးရေးမူဝါဒ များကို ဆန္ဒအလျောက် အသေးစိတ်ပြန်လည် သုံးသပ်ခြင်း၊

(ဃ) အဖွဲ့ဝင်နိုင်ငံများ၏ ရည်မှန်းချက်နှင့်စည်းမျဉ်းများ အကောင်အထည် ဖော်မှုအား ပိုမိုတိုးတက်စေရန် လမ်းညွှန်ချက်များ၏ ရည်မှန်းချက်အောင်မြင်မှုနှင့် ဆက်နွယ်သော အရေးကိစ္စများ၊ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအလိုက် သို့မဟုတ် ဒေသဆိုင်ရာအဆင့်များ တွင် သင့်လျော်သော အဆင့်အတန်းဖြင့် အကောင်အထည်ဖော်မှုဆိုင်ရာ သတင်း အချက်အလက်များကို စုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးကူးပြောင်းစနိုင်ငံများမှ စားသုံးသူအကာအကွယ်ပေး ရေးဥပဒေနှင့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် တွန်းအားပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်ရာတွင် အရင်းအမြစ်တည်ဆောက်မှုနှင့် နည်းပညာ အကူအညီ ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(စ) ကမ္ဘာ့ကုလသမဂ္ဂစနစ်နှင့်သက်ဆိုင်သည့် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကွန်ရက်များမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လေ့လာမှုများ၊ စာတမ်းများ၊ အစီရင်ခံစာများ၊ လုပ်ငန်းအစီအစဉ်များ၊ ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ အကြောင်းအရာများကို သတင်းအချက်အလက် ဖလှယ်ခြင်း၊ နည်းပညာ အကူအညီပေးမှုဆိုင်ရာ လုပ်ငန်းများ၊ စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သတ်မှတ်သည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပြင် သင့်လျော်သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ အကြံပြုချက်များနှင့် အစီရင်ခံစာများကို ပြုစုခြင်း၊

(ဈ) နိုင်ငံစုံသဘောတူညီထားသည့် စည်းမျဉ်းများနှင့် စီးပွားရေးလုပ်ငန်းအလေ့အထများနှင့်ပတ်သက်၍ တားမြစ်ကန့်သတ်ထိန်းချုပ်သည့် စည်းမျဉ်းများကို ပြန်လည်သုံးသပ်၍ ကမ္ဘာ့ကုလသမဂ္ဂညီလာခံနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ညီလာခံသို့ အစီရင်ခံတင်ပြခြင်း၊

(ည) ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှ သတ်မှတ်ထားချက်နှင့်အညီ နိုင်ငံစုံ သဘောတူညီထားသော စည်းမျဉ်းများ၊ စီးပွားရေးလုပ်ငန်းအလေ့အထများနှင့်ပတ်သက်၍ တားမြစ်ကန့်သတ် ထိန်းချုပ်သည့် စည်းမျဉ်းများကို ပြန်လည်သုံးသပ်၍ လမ်းညွှန်ချက်များကို သတ်မှတ်ထားသည့်အချိန်အတွင်း ပြုလုပ်ဆောင်ရွက်ခြင်း၊

(ဋ) ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံမှ သတ်မှတ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊

၉၈။ ကြားခံအစိုးရအဖွဲ့အစည်း သို့မဟုတ် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းတို့သည် ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်နေသည့်အချိန်အတွင်း အဖွဲ့ဝင်နိုင်ငံတစ်ဦးချင်းစီ၏ လုပ်ငန်းများ သို့မဟုတ် အပြုအမူများ သို့မဟုတ် သီးခြားစီးပွားရေးလုပ်ငန်းတစ်ခုနှင့် စပ်လျဉ်းသည့် အရေးကိစ္စများအတွက် စီးပွားရေး လုပ်ငန်းတစ်ခု၏ လုပ်ငန်းများ သို့မဟုတ် အပြုအမူများတို့နှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်မှုများကို မပြုလုပ်ရပါ ။ ကြားခံအစိုးရအဖွဲ့အစည်း သို့မဟုတ် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်း

တို့သည် သီးခြားစီးပွားရေးလုပ်ငန်းတစ်ခုနှင့် အငြင်းပွားမှုဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများ၏ အရေးကိစ္စများတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရပါမည်။

၉၉။ ကြားခံအစိုးရအဖွဲ့အစည်းသည် လျှို့ဝှက်စွာ ထိန်းသိမ်းမှုနှင့်ဆက်နွယ်သော အရေးကိစ္စများအတွက် လိုအပ်ပါက လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

****